အမျိုးသားညီညွတ်ရေးအစိုးရ၊
ကျန်းမာရေးဝန်ကြီးဌာန

# ၃ နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များ

(၁၆-၄-၂၀၂၁ မှ ၁၆-၄-၂၀၂၄ အထိ)

# မာတိကာ


| | |
|---|---|
| ကျန်းမာရေး အဆောက်အအုံများ | ၃ |
| ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း | ၃ |
| မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု | ၅ |
| ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် | ၆ |
| သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေး အရေးပေါ်ဆောင်ရွက်ချက်များ | ၇ |
| အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာ လုပ်ငန်းများ | ၇ |
| အမျိုးသားကာကွယ်ဆေးထိုးခြင်း အစီအစဉ် | ၈ |
| ကူးစက်ရောဂါထိန်းချုပ်ရေး | ၉ |
| ကျောင်းကျန်းမာရေး | ၉ |
| အာဟာရဖွံ့ဖြိုးရေး | ၁၀ |
| ပြန်လည်သန်စွမ်းရေးနှင့် ခြေတုလက်တုတပ်ဆင်ရေး | ၁၁ |
| တယ်လီကျန်းမာ<br>အခမဲ့အွန်လိုင်းဆေးခန်း | ၁၂ |
| စိတ်ကျန်းမာရေးဝန်ဆောင်မှုများ | ၁၃ |
| Zero Suicide Campaign | ၁၄ |
| ကျန်းမာရေး အသိပညာပေး လုပ်ငန်းများ | ၁၄ |
| ကျန်းမာရေးအသိပညာများနှင့် သတင်းအချက်အလက်များကို ရယူနိုင်ရန် | ၁၅ |
| သုတေသနနှင့် ဖွံ့ဖြိုးမှု | ၁၆ |
| ဖက်ဒရယ်ကျန်းမာရေး အင်အားစုများ ချိတ်ဆက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း | ၁၆ |
| ဆေးပညာသင်ကြားရေး | ၁၇ |
| နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု | ၁၇ |
| CDM Medical Network | ၁၈ |
| ကျန်းမာရေးဘဏ္ဍာ (ဘဏ္ဍာရေးကဏ္ဍာ) | ၁၈ |
| စိန်ခေါ်မှုများ | ၁၉ |
| နိဂုံး | ၂၂ |




# ကျန်းမာရေး အဆောက်အအုံများ









| ဆေးရုံ | ဆေးခန်း | ရွေ့လျားဆေးခန်း |
|---|---|---|
| ၇၇ | ၃၇၇ | ၂၅၀ |

# ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း


## အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု

ခွဲစိတ်ခြင်း နှင့် လွှဲပြောင်းကုသခြင်း



## ပဏာမကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြည်သူ့ကျန်းမာရေး

ပြင်ပလူနာ (ဆေးခန်း၊ ရွေ့လျားဆေးခန်း)



မိခင်၊ ကလေးနှင့် မျိုးဆက်ပွား ကျန်းမာရေး၊ ကျောင်း ကျန်းမာရေး၊ ကူးစက်ရောဂါ (TB/HIV/Malaria) ထိန်းချုပ်ရေး၊ ကာကွယ်ဆေး ထိုးနှံခြင်း၊ အာဟာရဖွံ့ဖြိုးရေး၊ ကျန်းမာရေးပညာပေးခြင်း

# ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း

ဧပြီလ၊ ၂၀၂၁ ခုနှစ် မှ မတ်လ၊ ၂၀၂၄ ခုနှစ်အထိ

ပြင်ပလူနာ


**၁,၁၅၈,၃၇၇**

အသေးစား အကြီးစား
ခွဲစိတ်မှုပေါင်း

**၄၀,၁၆၉**

လူနာလွှဲပြောင်း
ပို့ဆောင်မှု

**၄,၁၄၀**






အထက်ပါ အချက်အလက်များမှာ ကျန်းမာရေး ဆေးရုံ၊ ဆေးခန်း ၇၀၀ ကျော်အနက် (၂၂၁) ခုထံမှ သတင်းပို့ အစီရင်ခံစာများပါ အချက်အလက်များကို အခြေခံထားသော ညွှန်းကိန်းများဖြစ်သည်။ **အမှန်တကယ်ကုသမှုခံယူခဲ့သော လူနာအရေအတွက်မှာ (၃) ဆကျော်ခန့် ပိုများနိုင်သည်။**

**ပြင်ပလူနာစောင့်ရှောက်မှုဦးရေမှာ (၃) နှစ်အတွင်း (၄) ဆခန့် ပိုမိုများပြားလာပါသည်။**

# ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း စစ်ကိုင်းဒေသတွင် ပြင်ပလူနာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်မှု




## မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု

ဧပြီလ၊ ၂၀၂၁ ခုနှစ် မှ
မတ်လ၊ ၂၀၂၄ ခုနှစ်အထိ





| ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု | ရိုးရိုးမွေးဖွားမှု | ခွဲစိတ်မွေးဖွားမှုပေါင်း | မွေးဖွားမှုစုစုပေါင်း |
| --- | --- | --- | --- |
| ၂၃,၅၈၈ | ၄၃,၆၅၃ | ၄,၉၇၄ | ၄၈,၆၂၇ |

# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်

**NUG ကျန်းမာရေးဝန်ကြီးဌာနသည် CDM ကျန်းမာရေး ဝန်ထမ်းများဖြင့် အဓိက လည်ပတ်နေခြင်းဖြစ်သည်။**

| ပြည်နယ်နှင့်တိုင်း ကျန်းမာရေးတာဝန်ခံ | မြို့နယ်ကျန်းမာရေး တာဝန်ခံ |
| --- | --- |
| တာဝန်ခံ (၂၉) ဦး | တာဝန်ခံ (၂၂၇) ဦး |

- **ကျန်းမာရေးဝန်ထမ်းစုစုပေါင်း (၄,၈၉၉) ဦး**က ဝန်ကြီးဌာနနှင့် လက်တွဲဆောင်ရွက်နေသည်။
- ဝန်ကြီးဌာနသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ခေါ်ယူမှု (၃) ကြိမ် ပြုလုပ်ခဲ့သည်။
- ဝန်ကြီးဌာနအနေဖြင့် မြေပြင်ကျန်းမာရေးဝန်ထမ်းများအတွက် တစ်ဦးလျှင် (၅၀,၀၀၀) ကျပ်နှုန်းဖြင့် လစဉ်ချီးမြှင့်လျက်ရှိသည်။
- ဖက်ဒရယ်ကျန်းမာရေးပညာရှင်များကောင်စီ၊ ကြားကာလဖက်ဒရယ်သူနာပြုနှင့်သားဖွားကောင်စီ၊ ကြားကာလဖက်ဒရယ်တိရစ္ဆာန်ဆေးပညာကောင်စီ၊ ကြားကာလ ဖက်ဒရယ် ကျန်းမာရေးမှူးနှင့် ကျန်းမာရေးကြီးကြပ်အသင်း အစ ရှိသည့် အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။



# သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေး အရေးပေါ်ဆောင်ရွက်ချက်များ



၂၀၂၃ ခုနှစ်အတွင်း မိုခါဆိုင်ကလုံးမုန်တိုင်း ထိခိုက်သော **မြို့နယ် (၂၇) မြို့နယ်တွင် ရွေ့လျားဆေးခန်းများဖြင့် အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ** ဆောင်ရွက်ခဲ့သည်။

## အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာ လုပ်ငန်းများ








- **မြေပြင်ဆေးရုံဆေးခန်းများ အရေးပေါ် ဆေးကုသရေးဆိုင်ရာ အပတ်စဉ် ဆွေးနွေးပွဲ (၈၆) ကြိမ် ဆောင်ရွက်ခဲ့သည်။**
- **ရှေးဦးသူနာပြုစုခြင်းသင်တန်းများ၊ အရေးပေါ် ဆေးဝန်ထမ်းသင်တန်းများ၊ တိုက်ပွဲအတွင်း ထိခိုက်ဒဏ်ရာ ကုသခြင်း သင်တန်းများ၊ ဓာတုလက်နက် တုံ့ပြန်ရေး သင်တန်းများ ဖွင့်လှစ်ခဲ့သည်။**

# အမျိုးသားကာကွယ်ဆေးထိုးခြင်း အစီအစဉ်





လွန်ခဲ့သည့်နှစ်များအတွင်း၊ အမျိုးသားကာကွယ်ဆေးထိုးခြင်း အစီအစဉ်သည် ဒေသအသီးသီးတွင် ကာကွယ်ဆေးလွှမ်းခြုံမှု မြှင့်တင်ရေး အတွက် သိသာထင်ရှားသော ခြေလှမ်းများ လှမ်းခဲ့သည်။ ရရှိနိုင်သော အရင်းအမြစ်များကို အခြေခံ၍ ပြည်နယ်နှင့်တိုင်းအချို့တွင် ကာကွယ်ဆေး လွှမ်းခြုံမှု ပိုမိုတိုးမြင့် လာစေရန် တိုးချဲ့လုပ်ဆောင်ပေးခဲ့သည်။

ကရင်နီ၊ ကရင်၊ တနင်္သာရီ၊ ရှမ်း၊ ချင်း၊ စစ်ကိုင်း၊ မကွေး အစရှိသည့် ဒေသများတွင် ပုံမှန် ကာကွယ်ဆေးထိုးလုပ်ငန်း ပြန်လည် စတင်ခြင်းနှင့် pilot ရှေ့ပြေး စီမံကိန်းများကို အကောင်အထည် ဖော်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ကာကွယ်ဆေးထိုးလုပ်ငန်း နှင့်ပတ်သက်၍ ကျန်းမာရေး ဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင် ခြင်းလုပ်ငန်းများအဖြစ် ‘Immunization in Practice’ နှင့် ‘Cold Chain Key Person’ စသည့် သင်တန်းများကို ပို့ချခဲ့ပါသည်။

# ကူးစက်ရောဂါထိန်းချုပ်ရေး




HIV/AIDS၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ ဆိုင်ရာ လုပ်ငန်းလမ်းညွှန်းများထုတ်ဝေခြင်း၊ ဆေးနှင့် စက်ပစ္စည်းများ ဝယ်ယူဖြန့်ဖြူးခြင်း၊ HIV/AIDS လူနာများအတွက် TeleRed ဆေးခန်းကို တယ်လီကျန်းမာ အခမဲ့အွန်လိုင်းဆေးခန်း၌ ဖွင့်လှစ်ခဲ့သည်။

# ကျောင်းကျန်းမာရေး

- ကျောင်းကျန်းမာရေးဌာနသည် ၂၀၂၂ စက်တင်ဘာလမှ ၂၀၂၄ ဇန်နဝါရီလအထိ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်း (မြောက်) နှင့် ကရင်နီပြည်နယ်ရှိ ကျောင်းပေါင်း (၉၆၂) ကျောင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၃,၀၀၀ ခန့်ကို စောင့်ရှောက်မှုပေးခဲ့ပါသည်။
- ထို့အပြင် စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်းပေါင်း (၁,၅၀၀) အတွက် အရေးပေါ် ကျောင်းကျန်းမာရေးဆေးများ ဖြန့်ဝေပေးခဲ့ပြီး ရှေးဦးသူနာပြုစုနည်း သင်တန်းများ ပို့ချခဲ့ပါသည်။



## သင်တန်းများ

စေတနာ့ဝန်ထမ်း ဆရာ ဆရာမများအတွက် ကျောင်းကျန်းမာရေး လုပ်ငန်းဆိုင်ရာ သင်တန်းများကို အွန်လိုင်းမှတစ်ဆင့် ပို့ချခဲ့ပါသည်။

# အာဟာရဖွံ့ဖြိုးရေး

- ဒေသထွက် ကုန်ကြမ်းများအသုံးပြု၍ ထုတ်လုပ်ထားသော အာဟာရပြည့် Energy bar များ

| ၂၀၂၂ ခုနှစ် တွင် | ၂၀၂၃ ခုနှစ်တွင် |
| --- | --- |
| ၁၃,၆၉၆ ထုပ် | ၇၀,၁၁၇ ထုပ် |

ဖြန့်ဖြူးခဲ့ပြီး ဖြစ်ပါသည်။

## အာဟာရဆိုင်ရာ နည်းပညာပံ့ပိုးမှု ပေးခြင်း၊ အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းများ ပို့ချခြင်း



# ပြန်လည်သန်စွမ်းရေးနှင့် ခြေတုလက်တုတပ်ဆင်ရေး



ပြန်လည်သန်စွမ်းရေးဝန်ဆောင်မှုများ အနေဖြင့် ကရင်နီ၊ စစ်ကိုင်း၊ ကချင်၊ ကရင်၊ ရှမ်း(မြောက်)၊ ချင်း အစရှိသည့် ဒေသများတွင် ခြေတု၊ လက်တု တပ်ဆင်ခြင်း၊ ငွေကြေး ထောက်ပံ့ခြင်း၊ သင်တန်းများ ပေးခြင်းနှင့် စင်တာများ ထူထောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။




၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတကာ အဖွဲ့အစည်းတစ်ခု၏ အကူအညီဖြင့် သင်တန်းသား (၂၆) ဦးအား (၂) ကြိမ် သင်တန်းပေးခဲ့ပြီး ခြေတု ထုတ်လုပ်တပ်ဆင်ပေးနိုင်သည်အထိ လက်တွေ့ သင်တန်းပေး ဆောင်ရွက်နိုင်ခဲ့ပါသည်။



# တယ်လီကျန်းမာ

## အခမဲ့အွန်လိုင်းဆေးခန်း

တယ်လီကျန်းမာ အခမဲ့အွန်လိုင်း ဆေးခန်းအနေဖြင့် (၃) နှစ်တာ ကာလအတွင်း **အခမဲ့ကြည့်ရှုကုသ ပေးခဲ့မှု အကြိမ်အရေအတွက်ပေါင်း (၁၇၀,၀၀၀) ကျော်** ဆောင်ရွက်ပေးခဲ့ပါသည်။ (၃) နှစ်အတွင်း ပြသမှု အကြိမ်ပေါင်း **(၂) ဆခွဲခန့်** တိုးတက်လာပါသည်။ မြန်မာနိုင်ငံရှိ **မြို့နယ်ပေါင်း (၃၂၁)** ခုရှိ ပြည်သူများအပြင် **ပြည်ပနိုင်ငံ (၄၇)** နိုင်ငံရှိ မြန်မာပြည်သူများ ပြသကြပါသည်။





လက်ရှိအချိန်တွင် တယ်လီကျန်းမာမှ ပဏာမ ကျန်းမာရေး စောင့်ရှောက်မှုပေးသည့် **General Primary Care Clinics (၈) ခု** နှင့် **အထူးကုဆေးခန်း Specialty Clinics (၂၅) ခု**ကို ဖွင့်လှစ်၍ ရောဂါကုသမှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

တယ်လီကျန်းမာတွင် အခမဲ့ ဆေးခန်းပြရန်/ ဘိုကင်ယူရန် –

https://m.me/telehealthmm

https://t.me/TLKMReception

# စိတ်ကျန်းမာရေးဝန်ဆောင်မှုများ





**စိတ်ကျန်းမာရေးအထူးကုဆေးခန်း –**
၂၀၂၁ ဇွန်လမှ ၂၀၂၄ ဖေဖော်ဝါရီလကုန်အထိ

| စိတ်ကျန်းမာရေးလူနာ စုစုပေါင်း | ကုသပေးမှု အကြိမ်ပေါင်း |
|---|---|
| ၁,၁၅၇ ယောက် | ၃,၀၁၈ ကြိမ် |

ကျန်းမာရေးဝန်ဆောင်မှု ပေးနိုင်ခဲ့ပါသည်။

**စိတ်ကျန်းမာရေးပဏာမစောင့်ရှောက်မှု ပေးသည့်ဆေးခန်း –**

စိတ်ကျန်းမာကုသမှု သင်ကြားလေ့ကျင့်ပြီးသော အထွေထွေရောဂါကုဆရာဝန်များဖြင့် လူနာ (၂,၃၀၆) ဦးကို တိုင်ပင်ဆွေးနွေးပေးခဲ့ပါသည်။ ဝန်ကြီးဌာနများမှ CDM ဝန်ထမ်း ၁၆၈ ဦးကို စိတ်လူမှု အထောက်အကူပြု (Psychosocial Support) နှင့် မိမိကိုယ်ကို အဆုံးစီရင်မှု ကာကွယ်ရေး သင်တန်းများ ပို့ချခဲ့ပါသည်။ ၎င်းတို့အနက် ဝန်ထမ်း ၅၀ ဦးသည် မွမ်းမံသင်တန်းဆင်းပြီးနောက် မိမိကိုယ်ကို အဆုံးစီရင်မှု ကာကွယ်ရေး (Suicide Prevention) Hotline တွင် စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။





# Zero Suicide Campaign

မိမိကိုယ်ကို အဆုံးစီရင်မှု ကာကွယ်ရေး ဝန်ဆောင်မှု – Zero Suicide Campaign (Suicide Prevention Hotline) ကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်နေ့တွင် တယ်လီကျန်းမာ ဆေးခန်း၏ "အခမဲ့ဝန်ဆောင်မှုအသစ်" အဖြစ် စတင်ခဲ့ပြီး၊ ခေါ်ဆိုမှုပေါင်း (၉၀၀) ကျော်အနက် စိတ်ကျန်းမာရေးစောင့်ရှောက်မှု အရေးပေါ်လိုအပ်နေသူ (၈၇) ဦးကို စိတ်ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်း၊ အထူးကုဆေးခန်းများသို့ လွှဲပို့၍ ကုသမှုများဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။




# ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ

၂၀၂၁ ခုနှစ်၊ မတ်လမှ ၂၀၂၄ ခုနှစ်၊ မတ်လ၊ (၃၁) ရက်နေ့အထိ


ကျန်းမာရေးပညာပေး ပိုစတာ/သတင်းစကား
**၁,၀၉၀ ခု**




ကျန်းမာရေးပညာပေးနှင့် သင်ကြားရေး Video
**၅၄၇ ခု**




ကျန်းမာရေးဝန်ထမ်းများ အတွက် လုပ်ငန်းလမ်းညွှန်
**၄၂ ခု**




ထုတ်ပြန်နိုင်ခဲ့ပါသည်။

# ကျန်းမာရေးအသိပညာများနှင့် သတင်းအချက်အလက်များကို ရယူနိုင်ရန်

NUG ကျန်းမာရေးဝန်ကြီးဌာန Website
https://moh.nugmyanmar.org/

NUG ကျန်းမာရေးဝန်ကြီးဌာန Facebook Page
https://facebook.com/MoHNUGMyanmar

တယ်လီကျန်းမာ Website
https://telekyanmar.org

တယ်လီကျန်းမာ Facebook Page
https://facebook.com/telehealthmm

တယ်လီကျန်းမာ Telegram Channel
https://t.me/telekyanmarmoh

တယ်လီကျန်းမာ YouTube Channel
http://www.youtube.com/@telehealthmm

COVID-19 ဗဟုသုတစင်တာ Facebook page
https://facebook.com/ckcmohnugmm










## သုတေသနနှင့် ဖွံ့ဖြိုးမှု

- သုတေသနနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ သင်တန်းများနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့သည်။
- လူ့ပုဂ္ဂိုလ်များအပေါ် သုတေသနဆောင်ရွက်မှုဆိုင်ရာ ကျင့်ဝတ်ကော်မတီ (Ethics Review Committee) ကိုလည်း ၂၀၂၂ ခုနှစ်၊ မေလတွင် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ (https://moh.nugmyanmar.org/ethics-review-committee/)
- စစ်အာဏာသိမ်းပြီးနောက် ၂၀၂၁ ခုနှစ်၊ COVID-19 ရောဂါ တတိယလှိုင်းအတွင်း မြန်မာပြည်သူများ COVID-19 ကပ်ဘေးကို ဆိုးဝါးပြင်းထန်စွာ ခံစားခဲ့ရသည့် အကြောင်းကို စစ်တမ်းကောက်ယူ၍ နိုင်ငံတကာသုတေသနဂျာနယ်တွင် ထည့်သွင်းဖော်ပြနိုင်ခဲ့ပါသည်။ (https://doi.org/10.12688/f1000research.123450.2)

## ဖက်ဒရယ်ကျန်းမာရေး အင်အားစုများ ချိတ်ဆက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဖက်ဒရယ်ကျန်းမာရေးစနစ် တည်ထောင်နိုင်ရန်အတွက် ဝန်ကြီးဌာနအတွင်း တာဝန်ထမ်းဆောင်နေသူများနှင့်လည်းကောင်း၊ ပြည်နယ်/ ဒေသအသီးသီးမှ ကျန်းမာရေး ဝန်ထမ်းများအား ဖိတ်ကြား၍လည်းကောင်း ၂၀၂၃ ခုနှစ်အတွင်း အသိပညာဖလှယ်ရေး သင်တန်းများ (၁၄) ကြိမ် နှင့် အစည်းအဝေးများ ပြုလုပ်ခဲ့ပါသည်။ သင်တန်းများကို ပြည်တွင်း ပြည်ပ ပညာရှင်များအား ဖိတ်ကြား၍ ပြုလုပ်ခဲ့ပါသည်။



ဝန်ကြီးဌာနသည် ၂၀၂၁ ခုနှစ်၊ အမျိုးသား ကျန်းမာရေး ညီလာခံနှင့် ၂၀၂၂ ခုနှစ်၊ ကျန်းမာရေး နီးနှောဖလှယ်ပွဲတို့တွင် ပူးပေါင်းပါဝင် ခဲ့ပါသည်။ အမျိုးသားကျန်းမာရေး ကော်မတီနှင့် NUCC ၏ ကျန်းမာရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီတို့နှင့်လည်း လက်တွဲ ဆောင်ရွက်လျက် ရှိပါသည်။



## ဆေးပညာသင်ကြားရေး

ဆေးပညာသင်ကြားရေးအနေဖြင့် ဆေးနှင့်ဆေးနီးနွယ်ဆိုင်ရာ ယာယီတက္ကသိုလ်/ကျောင်းကောင်စီများ နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဖက်ဒရယ်ကျန်းမာရေး အွန်လိုင်းသင်ကြားရေးစနစ်ကိုလည်း တည်ထောင်ထားသည်။

## နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု






ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိတွင် နိုင်ငံတကာ အလှူရှင်များ၊ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများ၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ ကျန်းမာရေး လိုအပ်ချက်များကို ဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စများကို ညှိနှိုင်းဆွေးနွေးခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ဒေသအသီးသီးရှိ ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းများထံ ဘဏ္ဍာရေး၊ ဆေးပစ္စည်းနှင့် နည်းပညာအကူအညီအထောက်အပံ့များ တိုက်ရိုက်ရောက်ရှိနိုင်စေရန် ချိတ်ဆက်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။



## CDM Medical Network

- လက်ရှိ CDM ပြုလုပ်ဆဲ ကျန်းမာရေးဝန်ထမ်းဦးရေမှာ (၄၆,၆၂၅) ဦး ရှိပါသည်။
- CDM ကျန်းမာရေး ကွန်ယက်အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် လက်တွဲ၍ CDM အတည်ပြုခြင်း၊ စိတ်လူမှုဆိုင်ရာနှင့် ငွေကြေး အထောက်အပံ့များပေးခြင်း၊ ဝင်ငွေအခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းနှင့် အခြားကူညီဆောင်ရွက်မှုများကို နေ့စဉ်လုပ်ဆောင်ပေးနေပါသည်။
- CDM ညီလာခံ ဖြစ်မြောက်ရေးနှင့် CDM ဥပဒေ ပေါ်ပေါက်ရေးတို့တွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။



## ကျန်းမာရေးဘဏ္ဍာ (ဘဏ္ဍာရေးကဏ္ဍ)

- (၃) နှစ်တာကာလအတွင်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူဖြန့်ဖြူးခြင်း၊ ဆေးရုံဆေးခန်းများ တည်ဆောက်ပြုပြင်ခြင်း၊ မြေပြင်ကျန်းမာရေး ဝန်ထမ်းများအား ချီးမြှင့်ငွေပေးအပ်ခြင်း၊ CDM ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ခြင်းအပါအဝင် ဒေသအသီးသီး၏ ကျန်းမာရေးလုပ်ငန်းဆောင်တာများအတွက် **ကျပ်ငွေ စုစုပေါင်း (၁၅) ဘီလီယံကျော် အသုံးပြုခဲ့ပါသည်။**
*(အခြား နိုင်ငံတကာအထောက်အပံ့များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ)*

- ဝန်ကြီးဌာနအနေဖြင့် မြေပြင်ကျန်းမာရေးဝန်ထမ်းများအတွက် တစ်ဦးလျှင် (၅၀,၀၀၀) ကျပ်နှုန်းဖြင့် လစဉ်ချီးမြှင့်လျက်ရှိရာ ၂၀၂၃ ခုနှစ်တွင် စုစုပေါင်း ကျပ် (၁,၆၈၁,၆၀၀,၀၀၀) ကို (၉) လစာအတွက် ချီးမြှင့်နိုင်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်တွင် လစဉ်ချီးမြှင့်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

# စိန်ခေါ်မှုများ

(၁-၂-၂၀၂၁ မှ ၃၁-၃-၂၀၂၄ အထိ)

(၃) နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၌ ကျန်းမာရေးကဏ္ဍအပေါ် အကြမ်းဖက်စစ်ကောင်စီ၏ အကြမ်းဖက်မှုပေါင်း ( ၁,၂၉၅) ခု ရှိခဲ့ပြီး





ဆေးရုံဆေးခန်း ပျက်စီးထိခိုက်မှု

၃၄၁ ခု

ကျန်းမာရေးလုပ်သား သတ်ဖြတ်ခံရမှု

၁၀၈ ဦး

ကျန်းမာရေးလုပ်သား ထိခိုက်ဒဏ်ရာ ရရှိမှု

၁၃၁ ဦး

ရှိခဲ့ပါသည်။

Source: https://insecurityinsight.org/country-pages/myanmar


ကျဆုံးခဲ့သည့်
ကျန်းမာရေး
ဝန်ထမ်းအချို့
မဝင်းအိကျော်
(အသက် ၁၅ နှစ်)
မပပခိုင်
(အသက် ၁၄ နှစ်)
မနိုင်နိုင်အောင်
(အသက် ၂၄ နှစ်)
မသစ်သစ်လှိုင်
(အသက် ၃၄ နှစ်)
ကိုဘုန်းကျော်
(အသက် ၁၇ နှစ်)
ကိုအောင်ကျော်မိုး
(အသက် ၂၇ နှစ်)
ကိုဖိုးထောင်
(အသက် ၁၇ နှစ်)
ကိုဖိုးငြိမ်း
(အသက် ၂၇ နှစ်)
ကိုသိန်းသန်းဦး
(အသက် ၂၁ နှစ်)

# စိန်ခေါ်မှုများ

- အကြမ်းဖက်စစ်ကောင်စီက ပုဂ္ဂလိက ဆေးရုံဆေးခန်းများကို ချိတ်ပိတ်ပြီး လုပ်ငန်းလိုင်စင် သိမ်းဆည်းမှုများလည်း ရှိခဲ့ပါသည်။
- အကြမ်းဖက်စစ်ကောင်စီသည် ဆေးရုံဆေးခန်းများကို လေယာဉ်ဖြင့် ဗုံးကြဲမှုအကြိမ်ကြိမ် ဆောင်ရွက်ခဲ့ပြီး ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် တို့တွင် ပိုမိုဆိုးဝါးလာခဲ့ပါသည်။
- ဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူဖြန့်ဖြူးရေးနှင့် ဆက်သွယ်ရေးတို့တွင် လိုအပ်ချက်များနှင့် အခက်အခဲများရှိပါသည်။
- ကူးစက်ရောဂါအချို့လည်း ပြန်လည်ခေါင်းထောင်လာနေသည်။



# နိဂုံး

- အခက်အခဲနှင့် စိန်ခေါ်မှုများ ရှိနေသည့်တိုင် ပြည်သူကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို သူရဲကောင်းကျန်းမာရေးဝန်ထမ်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ ဒေသခံအဖွဲ့အစည်းများ၊ ပြည်သူ များနှင့် လက်တွဲ၍ အစွမ်းကုန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

- မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် အပြီးတိုင် ချုပ်ငြိမ်း၍ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး ပေါ်ထွန်းသည်အထိ ဆက်လက် တိုက်ပွဲဝင်သွားမည် ဖြစ်ပါသည်။

